# ၂၀၂၁ ခုနှစ် ပုလဲအတွဲများနှင့် ကျောက်စိမ်းအတွဲများ ပြသရောင်းချပွဲ
# တတိယနေ့ဆက်လက်ကျင်းပ

နေပြည်တော်၊ ဒီဇင်ဘာလ (၁၉) ရက်

၂၀၂၁ ခုနှစ်၊ ပုလဲအတွဲများနှင့် ကျောက်စိမ်းအတွဲများပြပွဲ(Mini Gems Emporium) တတိယနေ့ကို ယနေ့တွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးလမ်းညွှန်ချက်များနှင့်အညီ ဆက်လက်ကျင်းပသည်။

## လေ့လာကြည့်ရှု

နံနက်ပိုင်းမှစတင်၍ ပြည်တွင်း/ ပြည်ပ ရတနာကုန်သည်များသည် မဏိရတနာ ကျောက်စိမ်းခန်းမအတွင်း ပြသထားသည့် ပုလဲအတွဲများနှင့် ကျောက်စိမ်းအတွဲများကို လည်းကောင်း၊ ခန်းမအပြင်ဘက်ရှိ သတ်မှတ်နယ်မြေအလိုက် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများကိုလည်းကောင်း စိတ်ကြိုက် လေ့လာကြည့်ရှုကြသည်။

ပြပွဲဒုတိယနေ့တွင် ပုလဲအတွဲအမှတ် (၁ မှ ၂၂၀) အထိ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးခဲ့ရာ ပုလဲအတွဲပေါင်း ၂၂၀ ရောင်းချနိုင်ခဲ့ပြီး ယနေ့ပြပွဲတွင် ပုလဲအတွဲအမှတ် (၂၂၁ မှ ၃၃၀)အထိ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးခဲ့ရာ ပြည်တွင်း/ ပြည်ပ ရတနာ ကုန်သည်များက စိတ်ကြိုက် လေ့လာကြည့်ရှု စစ်ဆေးကြပြီး ဈေးနှုန်းတင်သွင်းလွှာများ ကို တင်ဒါပုံးများအတွင်းသို့ ထည့်သွင်းကြသည်။

## ဖွင့်ဖောက်စစ်ဆေး

ထို့နောက် ပုလဲအတွဲအမှတ် (၂၂၁ မှ ၃၃၀)အထိ တင်သွင်းထားသည့် ဈေးနှုန်း တင်သွင်းလွှာများကို တာဝန်ရှိသူများက စနစ်တကျ ဖွင့်ဖောက်စစ်ဆေးကာ ပုလဲအတွဲ ပေါင်း ၁၁၀ ရောင်းချနိုင်ခဲ့ကြောင်း ကြေညာသည်။

ဆက်လက်၍ ကျောက်စိမ်းအတွဲအမှတ် (၁) မှ (၂၅၀)အထိ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးခဲ့ရာ ရတနာကုန်သည်များက ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲ များကို ကြည့်ရှုစစ်ဆေးကြပြီး ဈေးနှုန်းတင်သွင်းလွှာများကို တင်ဒါပုံးများအတွင်းသို့ ထည့်သွင်းကြသည်။

ထို့နောက် ကျောက်စိမ်းအတွဲအမှတ် (၁)မှ(၂၅၀)အထိ တင်သွင်းထားသည့် ဈေးနှုန်းတင်သွင်းလွှာများကို တာဝန်ရှိသူများက မွန်းလွဲ ၃ နာရီတွင် ပိတ်သိမ်းပြီး ဖွင့်ဖောက်စစ်ဆေးကာ ဒီဇင်ဘာ ၂၀ ရက် နံနက် ၈ နာရီတွင် ရောင်းချရသည့် ကျောက်စိမ်းအတွဲများအား ကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။

## ကြည့်ရှုအားပေး

မွန်းလွဲပိုင်းတွင် မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ နာယက သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ ဒုတိယဝန်ကြီး ဦးမင်းမင်းဦးနှင့် ပြပွဲဗဟိုကော်မတီဝင်များသည် မဏိရတနာကျောက်စိမ်းခန်းမ မြေညီထပ်၌ ပုလဲအတွဲများနှင့် ကျောက်စိမ်းအတွဲများအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးနေမှု အခြေအနေများကို ကြည့်ရှုအားပေးသည်။

ပြပွဲတွင် ကျောက်စိမ်းအတွဲပေါင်း ၇၈၀ ကို ခင်းကျင်းပြသပေးလျက်ရှိရာ ဒီဇင်ဘာ ၂၀ ရက်တွင် ကျောက်စိမ်းအတွဲအမှတ် (၂၅၁) မှ (၅၀၀) အထိကို လည်းကောင်း၊ ဒီဇင်ဘာ ၂၁ ရက်တွင် ကျောက်စိမ်းအတွဲအမှတ် (၅၀၁) မှ (၇၈၀) အထိကို လည်းကောင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ပြည်တွင်း ပြည်ပ ရတနာကုန်သည်များကို ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။